မိမိအတွက်နှစ်သက်သည့်အရာကို

မိမိညီနောင်မွတ်စ်လင်မ်အတွက် မနှစ်သက်သမျှ ကာလပတ်လုံးအသင်တို့အနက် မည်သူတစ်ဦးတစ်ယောက်မျှ စစ်မှန်သည့်

မုအ်မင်န်မဖြစ်နိုင်ပေ။

အနတ်စ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မိမိအတွက်နှစ်သက်သည့်အရာကို
မိမိညီနောင်မွတ်စ်လင်မ်အတွက် မနှစ်သက်သမျှ ကာလပတ်လုံး အသင်တို့အနက်
မည်သူတစ်ဦးတစ်ယောက်မျှ စစ်မှန်သည့် မုအ်မင်န်မဖြစ်နိုင်ပေ။
[صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းလင်းမိန့်ကြားတော်မူသည်မှာမွတ်စ်လင်မ်တစ်ဦးသည် မိမိအတွက် နှစ်သက်သည့်ကောင်းမှုများ၊ သာသနာရေးနှင့် လောကီရေးကောင်းကျိုးများအားလုံးကို မိမိညီနောင်အတွက် နှစ်သက်ခြင်း မရှိသေးသမျှသူ၏အီမာန်သက်ဝင်ယုံကြည်မှုသည် ပြည့်ဝလိမ့်မည် မဟုတ်ပေ။ ထို့အတူ မိမိအတွက်မနှစ်သက်သောအရာများကို မိမိ၏ညီနောင်အတွက်လည်း မနှစ်သက်ရပါ။ အကယ်၍မိမိ၏မွတ်စ်လင်မ်ညီနောင်တွင် ဘာသာရေးဆိုင်ရာ ချို့ယွင်းချက်တစ်စုံတစ်ရာကိုတွေ့မြင်ပါက သူ့အားပြုပြင်ပေးရန် ကြိုးစားအားထုတ်ရမည်။ အကယ်၍ သူ့ထံတွင်ကောင်းခြင်းတစ်စုံတစ်ရာကို တွေ့မြင်ရပါက ထောက်ပံ့ကူညီပေးရမည်။ သူ၏ဘာသာရေး၊လောကီရေးနှင့်ပတ်သက်၍ကောင်းခြင်းကိုသာရှေးရှုပြီးပြောဆိုဆက်ဆံရမည်။

https://sunnah.global/hadeeth/my/show/4717